
ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ (ဒုတိယတွဲ)
အင်မော်တယ် ဂျူဟွာ
စာစဉ်-၄
(အားလုံး ဝိညာဉ်ပျက်စီးပြီး သေဆုံးသွားကြခြင်း)
Dr-Panda

# ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ (အင်မော်တယ် ဂျူပွာ)

## Book 9

## Chapter 1

## အားလုံး ဝိညာဉ် ပျက်စီးပြီး သေဆုံးသွားကြခြင်း

*

အခုလေးတင် မောက်မာ ရိုင်းစိုင်းနေခဲ့တဲ့ ကျင့်ကြံသူ ဆယ်ယောက်ကျော် ဟာ နောက်တစ်စက္ကန့်မှာပဲ သူတို့ရဲ့ အသက်ဓာတ် အော်ရာ အရှိန်အဝါတွေ ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။ ဒီကြောက်မက်ဖွယ် ကောင်းတဲ့ မြင်ကွင်း ကြောင့်၊ အခုလေးတင် အားရပါးရ ရယ်မောနေခဲ့တဲ့ အဖြူရောင် ဝတ်စုံဝတ်

အမျိုးသားရဲ့ အသံဟာ လည်ပင်း အညှစ်ခံလိုက်ရတဲ့ ကြက်တစ်ကောင်လို ရုတ်တရက် တိတ်ကျသွားပါတော့တယ်။

အဖြူရောင် ဝတ်စုံဝတ် အမျိုးသား အနေနဲ့ အခုလေးတင် ဘာဖြစ်သွားလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း မမြင်လိုက်ရပေမဲ့၊ ဒီမြင်ကွင်းက အခုလေးတင် ပေါ်လာတဲ့ ဂျူဟွာ နဲ့ သေချာပေါက် သက်ဆိုင်နေမယ် ဆိုတာကို ခပ်ရေးရေး ခံစားမိနေပါတယ်။

ဒါက မူလတာအိုသူတော်စင် တစ်ပါး ဦးဆောင်တဲ့ အစွမ်းထက်လှတဲ့ ဝင်္ကပါ ကြီး တစ်ခုလေ။ အဲဒါက တိတ်တဆိတ် လွင့်ပြယ် ပျောက်ကွယ်သွားတယ်လား။ ဒါက ဘယ်လို တန်ခိုးစွမ်းအင်မျိုးလဲ။

ဂျူဟွာက အဖြူရောင် ဝတ်စုံဝတ် အမျိုးသားကို လျစ်လျူရှုထားလိုက်ပါတယ်။ သူက

တစ်ဖက်ပြန်လှည့်ပြီး ကျုံးမှ ရဲ့ အနည်းငယ် ဖရိုဖရဲ ဖြစ်နေတဲ့ ဆံပင်တွေကို ညင်သာစွာ သပ်တင်ပေးလိုက်ပါတယ်။

"ယောကျ်ားက... တကယ်ပဲ ကျွန်မရဲ့ ယောကျ်ား လား"

ကျုံးမှ က ဂျူဟွာကို အံ့အားသင့်စွာ ကြည့်ရင်း မေးလိုက်ပါတယ်။

"သေချာတာပေါ့ ကိုယ်ပဲလေ။"

ဂျူဟွာက ပြုံးရွှင်စွာ ပြောလိုက်ပါပြီ။

"ဒါပေမဲ့ တကယ်တော့ ကိုယ်က သာမန်လူ တစ်ယောက် မဟုတ်ပါဘူးကွယ်။ ကိုယ်က လွတ်မြောက်အင်မော်တယ် တစ်ပါး ဖြစ်သလို၊ မြေကမ္ဘာအဆင့် ဖင်းဂေါ့ တစ်ဦး ဆိုရင်လည်း မမှားပါဘူးလေ"

"..."

ကျုံးမှ က ဂျူဟွာကို ကြည့်နေပြီး ဘာမှ မပြော

နိုင်ခဲ့ပါဘူး။

အခုချိန်မှာ သူမက ဒါတွေအားလုံးဟာ တကယ့် လက်တွေ့ မဟုတ်ဘူးလို့ ခံစားနေရပါတယ်။ သူမ ရူးသွားပြီး ဒါတွေက ထင်ယောင်ထင်မှားတွေများ ဖြစ်နေမလား လို့တောင် အနည်းငယ် သံသယ ဝင်နေမိပါတယ်။ ဘာပဲဖြစ်ဖြစ်၊ သူမရဲ့ ခင်ပွန်း က ဘယ်လိုလုပ် အင်မော်တယ် တစ်ပါး ဖြစ်နိုင်မှာလဲ။

"စိတ်မပူပါနဲ့၊ အရာအားလုံး အဆင်ပြေသွားမှာပါ။"

ဂျူဟွာက သူမကို နှစ်သိမ့်ပေးလိုက်ပြီးနောက် ဆက်ပြောလိုက်ပါပြီ။

"အခုတော့ ဒီက ကိစ္စတွေကို အရင် ရှင်းကြတာပေါ့။"

ကျုံးမု ဘာမှ မပြောခဲ့ပေမယ့်လည်း အဝေးမှာ ရှိနေတဲ့ အဖြူရောင် ဝတ်စုံဝတ် အမျိုးသားက

ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။

"ငါ့အဖေ က အရှေ့ရောင်ခြည် ဂိုဏ်း က လေပြင်းတစ်ထောင် အင်မော်တယ် ကွ။"

အဖြူရောင် ဝတ်စုံဝတ် အမျိုးသားက အရှေ့ရောင်ခြည် ဂိုဏ်း ဆိုတာကို တမင်တကာ ထည့်ပြောလိုက်တာပါ။ သူက ဂျူဟွာ ပြောသမျှ အားလုံးကို ကြားခဲ့ရတယ်လေ။ အဖြူရောင် ဝတ်စုံဝတ် အမျိုးသားရဲ့ အမြင်မှာတော့၊ တကယ်လို့ ဂျူဟွာက လွတ်မြောက်အင်မော်တယ် တစ်ပါး တကယ် ဖြစ်နေမယ် ဆိုရင်၊ သူ့အဖေရဲ့ နာမည် တစ်ခုတည်းနဲ့ လုံလောက်ချင်မှ လုံလောက်မှာပါ။ ဒီဘေးအန္တရာယ် ကနေ လွတ်မြောက်နိုင်ဖို့ အတွက် အရှေ့ရောင်ခြည် ဂိုဏ်း ရဲ့ ဂုဏ်သတင်းကို သူ ငှားရမ်းဖို့ လိုအပ်ပါတယ်။

...

အဖြူရောင် ဝတ်စုံဝတ် အမျိုးသားရဲ့ စကားသံအဆုံးမှာပဲ၊ ဒီစင်မြင့်ပေါ်က စကြဝဠာ တည်ရှိမှုဟာ ရုတ်တရက် ထပ်ပြီး လှုပ်ခါသွားပါတယ်။ အဲဒီနောက်မှာတော့၊ သက်လတ်ပိုင်းအရွယ် တာအို ဝတ်ရုံဝတ် အမျိုးသား တစ်ယောက်ကို ဆွဲခေါ်လာတဲ့ အရှေ့ရောင်ခြည် ကောင်းကင်အင်မော်တယ် ဟာ ဒီနေရာမှာ ရုတ်တရက် ပေါ်ထွက်လာခဲ့ပါပြီ။

"တာအိုရောင်းရင်း ဂျူဟွာ... ဒါက လေပြင်းတစ်ထောင် အင်မော်တယ် ပါပဲ။"

အရှေ့ရောင်ခြည် ကောင်းကင်အင်မော်တယ်က သူ့လက်ထဲက တာအို ဝတ်စုံဝတ် အမျိုးသားကို မြေပြင်ပေါ် ပစ်ချလိုက်ပြီး ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။

"အခုကစပြီး ဒီ လေပြင်းတစ်ထောင် အင်မော်တယ် ဟာ ငါ့ရဲ့ အရှေ့ရောင်ခြည် ဂိုဏ်း နဲ့ ဘာ

ပတ်သက်မှုမှ မရှိတော့ဘူး။"

"တာအိုရောင်းရင်း အရှေ့ရောင်ခြည် က တကယ်ကို စေ့စပ်သေချာ တာပဲ။"

ဂျူဟွာက ကျေးဇူးတင်စကား ပြောလိုက်ပြီးနောက်၊ မျက်တောင်တစ်ချက်တောင် မခတ်ဘဲ သူ့လက်ဝါးနဲ့ ရိုက်ချလိုက်ပါတယ်။

မြေပြင်ပေါ်ကို အခုလေးတင် ပြုတ်ကျသွားတဲ့ လေပြင်းတစ်ထောင် အင်မော်တယ် ဟာ စကားတစ်ခွန်းတောင် ပြောဖို့ အချိန်မရလိုက်ဘဲ ပြာကျသွားရှာပါပြီ။ သနားစရာ လေပြင်းတစ်ထောင် အင်မော်တယ် ဟာ သူ့ရဲ့ ကောင်းကင် အင်မော်တယ် ဘိုးဘေးကြီး က သူ့ကို ဘာလို့ ရုတ်တရက် ဖမ်းဆီးလာပြီး၊ ဂျူဟွာက သူ့ကို ဘာလို့ လက်ဝါးရိုက်ချက် တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်ရတာလဲ ဆိုတာကို သေတဲ့အထိ နားမလည်သွားခဲ့ပါဘူး။ တကယ်တမ်းကျတော့

ဒါတွေ အားလုံးက ပြဿနာတွေ သယ်ဆောင်လာတဲ့ သားတစ်ယောက် သူ့ဆီမှာ ရှိနေလို့ပါပဲ။

အဖြူရောင် ဝတ်စုံဝတ် အမျိုးသား ဟာ မြေပြင်ပေါ်ကို အရုပ်ကြိုးပြတ် လဲကျသွားပါတယ်။ အခုလေးတင် သေဆုံးသွားတဲ့ သူဟာ သူ့မျက်စိထဲမှာတော့ အရာအားလုံးကို စွမ်းဆောင်နိုင်တဲ့ ဖခင်ကြီး ဖြစ်နေတယ် မဟုတ်ပါလား။

ဘာလို့လဲ ဆိုတော့ သူ့ဖခင် ပေးထားတဲ့ အသက်ကယ် မော်ရတနာ ဟာ ဒီအချိန်မှာ အလင်းရောင် ပျောက်ကွယ်သွားလို့ပါပဲ။ အဖြူရောင် ဝတ်စုံဝတ် အမျိုးသား ဟာ သူ မစော်ကားသင့်တဲ့ သူတစ်ယောက်ကို ရန်စမိသွားပြီ ဆိုတာကို နောက်ဆုံးတော့ သိလိုက်ရပါပြီ။

အဖြူရောင် ဝတ်စုံဝတ် အမျိုးသား ထိတ်လန့်တုန်လှုပ်နေတဲ့ အချိန်မှာပဲ၊ ဂျူဟွာက သူ့လက်ကို ငေ့ယမ်းလိုက်ပါတယ်။ ဝှစ်ခနဲ အသံနဲ့အတူ၊

အဖြူရောင် ဝတ်စုံဝတ် အမျိုးသား ဟာ ကျုံးမှု ရဲ့ ရှေ့ကို ဒူးထောက်လျက်သား ရောက်ရှိလာပါပြီ။

သူနဲ့ အတူ ပေါ်လာတာကတော့၊ ကြောက်လန့်ပြီး သတိလစ်မတတ် ဖြစ်နေပြီ ဖြစ်တဲ့ အစ်မပေါင် နဲ့၊ မီးခိုးရောင် ဝတ်စုံနဲ့ အဘိုးအို၊ အိမ်တော်ထိန်း နို တို့ပါပဲ။

"ဇနီးလေး... ဒီသုံးယောက်က မင်းကို ဒုက္ခပေးဖို့ ပူးပေါင်း ကြံစည်ခဲ့တဲ့ သူတွေပဲ။"

ဂျူဟွာက ပြောလိုက်ပါတယ်။

"အသေးစိတ် ဖြစ်စဉ်ကိုတော့ ကိုယ် ထပ်မပြောတော့ဘူး၊ မင်းလည်း နားလည်ပြီးသား ဖြစ်မှာပါ။ အခုတော့ သူတို့ကို ဘယ်လို ကိုင်တွယ်မလဲ ဆိုတာက ဇနီးလေးပဲ ဆုံးဖြတ်လိုက်ပါ။"

"ယောကျ်ား... ဒါက တကယ်လား။ အိပ်မက်မဟုတ်ဘူးလား"

ကျုံးမှု က မမေးဘဲ မနေနိုင်အောင် ဖြစ်သွားပါ

တယ်။

တကယ်တမ်းကျတော့၊ ကျိုးမှုအတွက် လက်တွေ့ မဆန်ဘူး ဆိုတဲ့ ခံစားချက်က အခု အချိန်မှာ ပိုပြီးတောင် ပြင်းထန်နေပါသေး တယ်။ ပြီးတော့ သူမ မယုံကြည်နိုင်အောင် ဖြစ် နေဆဲပါ။

အခုလေးတင်၊ သူမရဲ့ ခင်ပွန်း က လွတ်မြောက် အင်မော်တယ် တစ်ပါးလို့ ပြောခဲ့တယ်။ ပြီးတော့ အဲဒီ လေပြင်းတစ်ထောင် အင်မော်တယ် က လည်း လွတ်မြောက်အင်မော်တယ် တစ်ပါးပဲ လေ။ ဒါဆို ဘာလို့ သူမရဲ့ ခင်ပွန်း က တစ်ဖက် လူကို ပိုးကောင်လေး တစ်ကောင်ကို ချေမွလိုက် သလို လွယ်လွယ်ကူကူ သတ်ပစ်နိုင်ခဲ့ရတာလဲ။

ဒီလို ကိစ္စမျိုးက စိတ်ကူးယဉ် ပုံပြင်တွေ ထဲမှာ ပဲ ရှိနိုင်တာ မဟုတ်ဘူးလား။

"သေချာတာပေါ့ ဒါတကယ်ပဲကွယ်၊ အများကြီး

မတွေးပါနဲ့တော့။"

ဂျူဟွာက ကျုံးမု ရဲ့ မျက်ခုံးနှစ်ခု ကြားကို လက်ညှိုးနဲ့ တစ်ချက် ထောက်လိုက်ပါတယ်။ မျက်တောင်တစ်ခတ် အတွင်းမှာတင်၊ ကျုံးမု ဟာ သူမရဲ့ နတ်ဘုရားစိတ်အာရုံ ထဲမှာ အေးမြတဲ့ ခံစားချက် တစ်ခုကို ခံစားလိုက်ရပြီး၊ သူမရဲ့ အတွေးတွေ အများကြီး ရှင်းလင်းသွားခဲ့ပါပြီ။

ဒီအတွေးတွေကို တွေ့လိုက်ရချိန်မှာတော့ ကျုံးမု လည်း အမှန်တရားကို အတိုင်းအတာ တစ်ခုအထိ လက်ခံလိုက်ပါတော့တယ်။

"ဒီသုံးယောက်ကို ဇနီးလေး ဘယ်လို ကိုင်တွယ်ဖို့ စီစဉ်ထားလဲ"

ဂျူဟွာက မေးလိုက်ပါတယ်။

"..."

ကျုံးမု က ဘာမှ မပြောပါဘူး။ ဒီအချိန်မှာတော့၊ အောက်ဘက်မှာ ဒူးထောက်နေတဲ့ လူသုံး

ယောက် ဟာ လိပ်ပြာ လွင့်ထွက်မတတ် ကြောက်လန့်နေကြပါပြီ။ သူတို့ကို မလှုပ်ရှားနိုင်အောင်၊ စကားမပြောနိုင်အောင် လုပ်ထားတဲ့ ဂျူဟွာရဲ့ တားမြစ်အစီအရင် သာ မရှိဘူး ဆိုရင်၊ သူတို့က အခုဆိုရင် သေချာပေါက် အော်ဟစ် ငိုယိုပြီး အသက်ချမ်းသာပေးဖို့ တောင်းပန်နေကြလောက်ပါပြီ။

ကျုံးမှု က အစ်မပေါင် ကို စက္ကန့် အနည်းငယ်ကြာအောင် ထပ်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ တစ်ခုခုကို တွေးမိသွားသလိုမျိုး၊ သူမက ရုတ်တရက် လှည့်ပြီး ပြောလိုက်ပါတယ်။

"ယောက်ျား... ကျွန်မအတွက် ဆုံးဖြတ်ပေးပါ။"

"ကောင်းပါပြီကွယ်။"

ဂျူဟွာက မငြင်းပါဘူး။ သူက လက်ကို ဝှေ့ယမ်းလိုက်တဲ့ အခါ၊ ကြောက်မက်ဖွယ်ကောင်းတဲ့ တန်ခိုးစွမ်းအား အောက်မှာ၊ လူသုံး

ယောက် ဟာ ချက်ချင်းပဲ ဝိညာဉ် ပျက်စီးပြီး သေဆုံးသွားကြပါတော့တယ်။

ဒီသုံးယောက် စလုံးက အလွန် ယုတ်မာ ရက်စက်တဲ့ သူတွေ ချည်းပါပဲ။ သူတို့ကို သတ် လိုက်ရတဲ့ အတွက်၊ ဂျူဟွာရဲ့ စိတ်ထဲမှာ ဘာမှ မ ခံစားမိပါဘူး။ တကယ်တမ်း ပြောရရင်၊ မိုးကောင်းကင်တာအို ကတောင် သူ့ရဲ့ ကမ္မ ကုသိုလ် ကို တိုးပွားစေဦးမှာပါ။

ကျုံးမု က ဟာလာဟင်းလင်း ဖြစ်နေတဲ့ စင်မြင့် ကြီး ကို ကြည့်လိုက်ပါတယ်။ နောက်ဆုံးတော့၊ သူမရဲ့ အကြည့်က အစပိုင်းမှာ သူမ မတော်တဆ သတ်မိသွားတဲ့ အမျိုးသမီး ဆီကို ရောက်သွားပါတယ်။ အဲဒီ အမျိုးသမီး သေဆုံး သွားပြီးတဲ့ နောက်မှာတောင် အဲဒီ လူယုတ်မာ ရဲ့ စော်ကားမှုကို အဆက်မပြတ် ခံခဲ့ရတာကို တွေး မိပြီး၊ ကျုံးမု ရဲ့ မျက်လုံးတွေထဲမှာ ဝမ်းနည်းမှု

အရိပ်အယောင်လေး တစ်ခု ဖြတ်သန်းသွားပါတယ်။

ဒီ ဝမ်းနည်းမှု အရိပ်အယောင်လေး က ဂျူဟွာ ရဲ့ အမြင်ကနေ လွတ်မသွားပါဘူး။ ဂျူဟွာက မေးလိုက်ပါတယ်။

"ဒီ အမျိုးသမီး က ဇနီးလေး ကို သတ်ဖို့ ရည်ရွယ်ချက် ရှိခဲ့တာနော်။ သူမကို မမုန်းဘူးလား"

"မတရားမှု တိုင်းမှာ ကျူးလွန်သူ ဆိုတာ ရှိသလို၊ အကြွေးတိုင်းမှာလည်း ပိုင်ရှင် ဆိုတာ ရှိပါတယ်။ သူမကလည်း အတင်းအကျပ် ခိုင်းစေခံရတာ သက်သက်ပါပဲ။"

ကျုံးမု က ခေါင်းခါလိုက်ပါတယ်။

"တကယ်လို့သာ ယောကျ်ား ရုတ်တရက် ပေါ်မလာခဲ့ဘူး ဆိုရင်၊ ကျွန်မလည်း သူမလို ကံကြမ္မာမျိုးနဲ့ ကြုံတွေ့ရမှာ သေချာတယ်။"

"ကိုယ် ရှိနေမှတော့၊ မင်း သေချာပေါက် အဲဒီလို ဖြစ်မှာ မဟုတ်ပါဘူးကွယ်။"

ဂျူဟွာက ပြုံးလိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"ဒေါ်အပြင် အရာရာတိုင်းက ပြန်ပြင်လို့ မရဘူးဆိုတာ မရှိပါဘူးလေ။"

"..."

ကျုံးမှ ဘာမှ မပြောရသေးခင်မှာပဲ၊ ဂျူဟွာက သူ့လက်ကို ဖွေ့ယမ်းလိုက်တဲ့ အခါ၊ ဝိညာဉ်ဆေးလုံး တစ်လုံး က အမျိုးသမီးရဲ့ ပါးစပ်ထဲကို ဝင်ရောက်သွားပါပြီ။ ဝိညာဉ်ဆေးလုံး က ပါးစပ်ထဲ ရောက်တာနဲ့ ချက်ချင်း အရည်ပျော်သွားပြီး၊ အမျိုးသမီးရဲ့ ဒဏ်ရာတွေ က အံ့မခန်း အမြန်နှုန်းနဲ့ ပြန်လည် ကောင်းမွန်လာပါတော့တယ်။

"သူမရဲ့ အသက်ကို ကိုယ်က အရင်ကတည်းက တိတ်တဆိတ် ကယ်ထားခဲ့တာပါ။ ဇနီးလေး

ပြောသလိုပဲ၊ ဒီလူက အပြင်ပန်းမှာတော့ ဆိုးယုတ်ပုံ ရပေမဲ့၊ တကယ်တမ်းမှာတော့ သူမက အပြစ်ကင်းတဲ့ သူ တစ်ယောက် ပါပဲလေ"

ဂျူဟွာက ရှင်းပြလိုက်ပါတယ်။

ဂျူဟွာရဲ့ စကားကို ကြားတော့ ကျုံးမု ရဲ့ မျက်နှာပေါ်မှာ အပြုံးလေး တစ်ခု ထင်ဟပ်လာပါပြီ။

"ကျွန်မရဲ့ ယောကျ်ား က အင်မော်တယ် တစ်ပါး ဖြစ်သွားတာတောင်၊ ဒီလောက် ကြင်နာတတ်တုန်းပဲနော်။"

ကျုံးမု က ပြောလိုက်ပါတယ်။

"ကိုယ်က အစကတည်းက အင်မော်တယ် တစ်ပါးပါပဲ။"

ဂျူဟွာက ပြုံးလိုက်ပါတယ်။

"ဒါဆိုရင် ကျွန်မတို့ နှစ်ယောက် လက်ထပ်ခဲ့တာက..."

ကျုံးမှ က ဂျူဟွာကို ကြည့်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက အရောင် တဖျပ်ဖျပ် လက်နေပြီး၊ တစ်ခုခုကို စောင့်မျှော်နေသလိုပါပဲ။

"ဇနီးလေး က ကိုယ့်ကို ယောက်ျား လို့ ခေါ်နေမှတော့၊ မင်းက ကိုယ့်ရဲ့ တာအိုလက်တွဲဖော် ပါပဲကွယ်။"

ဂျူဟွာက ကျုံးမှ ကို ကြည့်ပြီး လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ကျွန်မက သာမန်..."

ကျုံးမှ က တစ်ခုခု ဆက်ပြောချင်နေတုန်းပါပဲ။ ဒီအချိန်မှာ အဝေးဆီကနေ ရယ်မောသံ တစ်ခု ရုတ်တရက် လွင့်ပျံလာခဲ့ပါပြီ။

"ဟားဟားဟား... မင်းတို့ နှစ်ယောက် ဆက်ပြီး စကားဆက်ပြောနေမယ် ဆိုရင်၊ နေ့ကနေ ညတောင် ကူးသွားလိမ့်မယ်။"

အရှေ့ရောင်ခြည် ကောင်းကင်အင်မော်တယ်

က ဖြည်းညင်းစွာ လျှောက်လာရင်း ရယ်မော လိုက်ပါတယ်။

"ငါ့ရဲ့ အရှေ့ရောင်ခြည် ဂိုဏ်း မှာ နေရာတွေ အများကြီး ရှိပါတယ်။ တကယ်လို့ နတ်သမီး ကျုံး က စိတ်မရှိဘူး ဆိုရင်၊ တာအိုရောင်းရင်း ဂျူဟွာ နဲ့အတူ အရှေ့ရောင်ခြည် တောင်တော် ပေါ်ကို လိုက်ခဲ့ပြီး စကားပြောကြတာပေါ့။"

"ဒါက အရှေ့ရောင်ခြည် ကောင်းကင်အင်မော် တယ် ပါပဲ။"

ဂျူဟွာက မိတ်ဆက်ပေးလိုက်ပါတယ်။

"ကောင်းကင်အင်မော်တယ် လား။"

ကျုံးမု အနည်းငယ် ကြောင်အမ်းသွားပြီး နောက်၊ သူမက အသည်းအသန် အရိုအသေ ပေးလိုက်ပါတယ်။

"ကျုံးမု က ကောင်းကင်အင်မော်တယ် ကို ဂါရဝပြုပါတယ်။"

"နတ်သမီး ကျုံး... ဘာလို့ ဒီလောက် ယဉ်ကျေးပြနေတာပါလဲ"

အရှေ့ရောင်ခြည် ကောင်းကင်အင်မော်တယ်က ကျုံးမှု ကို တားဆီးလိုက်ပါတယ်။ အဲဒီနောက်၊ ကြည်လင် တောက်ပနေတဲ့ အပြာနုရောင် ဒိုင်းငယ်လေး တစ်ခုက သူ့လက်ထဲမှာ ပေါ်လာပါတယ်။

"နတ်သမီး ကျုံး မှာ တောက်ပတဲ့ အနာဂတ် ရှိတယ် ဆိုတာကို ငါ မြင်ပါတယ်။ ဒီ ချန်းယွမ် ဒိုင်းက ငါ မတော်တဆ ရထားတဲ့ အကောင်းဆုံး မြေကမ္ဘာ အဆင့် မှော်ရတနာ တစ်ခုပါ။ ဒါကို ရေစက်ဆုံခြင်း လက်ဆောင်အဖြစ် သတ်မှတ်လိုက်တာပေါ့။"

အရှေ့ရောင်ခြည် ကောင်းကင်အင်မော်တယ်က လက်ဆောင်တစ်ခု ထုတ်ပေးလိုက်ပါပြီ။

"ယူလိုက်ပါကွယ်"

ဂျူဟွာက ကျိုးမှ ဘက်ကို လှည့်ပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ အကောင်းဆုံး မြေကမ္ဘာ အဆင့် မော်ရတနာ တစ်ခု ဆိုတာ ကောင်းကင်အင်မော်တယ် တစ်ပါး အတွက်တော့ စာဖွဲ့ဖို့တောင် မထိုက်တန်နေပါဘူး။

***